# ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကိုမြှင့်တင်သောသင်ကြားနည်းစံနစ်

ဒေါက်တာသိန်းလွင်၊ ၂၀၀၄ ဩဂုတ်လ

၁၉၉၅ ခုနှစ် နောက်ပိုင်းမှာ နိုင်ငံတကာပညာရေးပြုပြင်ပြောင်းလဲမှုများဟာ ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် လေ့လာသင်ယူတဲ့ နည်းစံနစ်များနဲ့ ဝေဖန် ပိုင်းခြား စဉ်းစားမှုကို မြှင့်တင်တဲ့ နည်းစံနစ်များသို့ ဦးတည်လာခဲ့ပါတယ်။ ဝေဖန်ပိုင်းခြားစဉ်းစားမှုကို မြှင့်တင်တဲ့နည်းစံနစ်များဟာ တည်ဆဲသင်ရိုးညွှန်းတမ်းများကို ဆက်လက်အသုံးပြုနိုင်ပြီး သင်ကြားနည်းစံနစ်အသစ်များကို ပြောင်းလဲ အသုံးပြုခြင်းဖြစ်ပါတယ်။ သင်ကြားနည်းစံနစ်သစ်များဟာ ပညာရေး သုတေသနတွေ့ရှိချက်များကို အခြေခံပြီး ပြုလုပ်ထားတာဖြစ်ပါတယ်။

## နိုင်ငံတကာပညာရေးပြောင်းလဲမှုများ

၁၉၆၀ ခုနှစ်များမှာ အာကာသ၊ သိပ္ပံနဲ့ နည်းပညာ တိုးတက်ရေးကို ဦးစားပေးတဲ့အတွက် ပညာရေးကဏ္ဍမှာလည်း သိပ္ပံနဲ့ နည်းပညာတို့ကိုဦးစားပေးသင်ကြားပေးခဲ့ပါတယ်။ ၁၉၇၀နှစ်များမှာ စီးပွားရေး၊ လူမှုရေးနဲ့ စာရိတ္တမြင့်မားရေး တို့ကို ဦးတည်သင်ကြားခဲ့ပါတယ်။ ၁၉၈၀ ခုနှစ်များမှာ မူလတန်းအဆင့်မှစပြီး ကျောင်းသားတဦးချင်းစီရဲ့ အခြေခံ အရေး၊ အဖတ်အတွက်တို့ကိုဦးစားပေးခဲ့ပါတယ်။ ၁၉၉၀ပြည့်လွန်နှစ်များမှာတော့ ပညာရေးပြုပြင်ပြောင်းလဲမှုများ ဟာ ကျောင်းသားများရဲ့ ဝေဖန်ပိုင်းခြား စဉ်းစားမှုကိုမြှင့်တင်ဘို့ ပြောင်းလဲလာခဲ့ပါတယ်။ ဝေဖန်ပိုင်းခြား စဉ်းစားမှုကို မြှင့်တင်တဲ့ နည်းလမ်းများဟာ အောက်ပါအချက်များကြောင့်လိုအပ်ကြောင်းသိသာထင်ရှားပါတယ်။

## သတင်းအချက်အလက်များတိုးပွားများပြားလာခြင်း

ယနေ့ကျနော်တို့ သိထားတဲ့ အသိဉာဏ်နဲ့ ဗဟုသုတ အချက်အလက်တွေဟာ နောင်ဆယ်နှစ်အတွင်းမှာ သိရမဲ့ အသိဉာဏ်ဗဟုသုတရဲ့ ဆယ်ပုံတပုံဘဲရှိပါတယ်။ သင်ရိုးညွှန်းတမ်းရေးဆွဲသူတွေရော အတန်းထဲမှာသင်ကြားတဲ့ဆရာ၊ ဆရာမတွေပါ မမြင်ရသေးတဲ့အနာဂါတ်မှာ ကလေးတွေကိုအောင်မြင်တဲ့ဘဝမှာရပ်တည်နိုင်ဘို့ အကောင်းဆုံးဘယ်လို ပြင်ဆင်ရမလဲဆိုတဲ့မေးခွန်းနဲ့ ရင်ဆိုင်နေရပါတယ်။ အခုမူလတန်းတက်နေတဲ့ကလေးတွေဆယ်တန်းအောင်ရင် ဘယ်လို အလုပ်မျိုးတွေလုပ်မလဲဆိုတာ မခန့်မှန်းနိုင်သေးပါဘူး။ အမေရိကန်နိုင်ငံမှာဆိုရင် နောက်ရာစုနှစ်မှာ လူတွေလုပ်မဲ့ အလုပ်အကိုင်မျိုးရဲ့ ၂၅ရာခိုင်နှုန်းဟာ အခုမပေါ်သေးဘူးလို့ဆိုပါတယ်။ နောက်ရာစုနှစ်မှာ ဒီကနေ့လုပ်နေတဲ့ အလုပ်တွေဟာလည်း အကြီးအကျယ် ပြောင်းလဲသွားမယ်လို့ယူဆပါတယ်။ အနာဂါတ်မှာ ထိရောက်ဖို့ရာ အသိ ပညာနဲ့ နားလည်မှုအသစ်တွေလိုအပ်လာပါတယ်။ အရင်က ကျောင်းသားတွေကို သင်ကြားပေးရာမှာ အကြောင်း အရာနဲ့ အချက်အလက်တွေကို ဦးစားပေးသင်ကြားပါတယ်။ ဒီနေ့ခေတ်မှာ အကြောင်းအရာတွေက အရေးကြီးပေမဲ့ အရေးအကြီးဆုံးမဟုတ်ပါဘူး။ ကျောင်းသားတွေ အတွက်အဓိကအလုပ်က ထိထိရောက်ရောက်ဘယ်လိုသင်ယူမလဲ ဆိုတာနဲ့ ဘယ်လိုဝေဖန်ပိုင်းခြားစဉ်းစားမလဲဆိုတာပိုပြီးအရေးကြီးလာပါတယ်။ သတင်းအချက်အလက်အသစ်တွေနဲ့ တွေ့တဲ့အခါ ကျောင်းသားတွေဟာ စဉ်းစဉ်းစားစား စစ်ဆေးပြီး ဝေဖန်ပိုင်းခြားရပါမယ်။ ရှုဒေါင့်အမျိုးမျိုးကနေ ရှုမြင် သုံးသပ်နိုင်ရပါမယ်။

## ဝေဖန်ပိုင်းခြားစဉ်းစားခြင်းဆိုတာဘာလဲ

ဝေဖန်ပိုင်းခြားစဉ်းစားသူတယောက်အတွက် သတင်းအချက်အလက်တွေကိုနားလည်ခြင်းဟာ သင်ယူခြင်းရဲ့ အစ ဖြစ် ပြီး အဆုံးမဟုတ်ပါဘူး။ ဝေဖန်ပိုင်းခြားစဉ်းစားတယ်ဆိုရာမှာ အတွေးအခေါ်တွေရယ်၊ သူတို့ရဲ့ နောက်ဆက်တွဲ ဆိုလို ချက်တွေရယ်ကို ရှုဒေါင့်အမျိုးမျိုးကနေစီစစ်ပြီး ဒီအတွေးအခေါ်တွေကို ထောက်ပံ့တဲ့ အချက်တွေကိုရှာပြီး ရရှိတဲ့ အချက်တွေအပေါ်အခြေခံပြီး ကိုယ့်ရပ်တည်ချက်ကိုရှာရပါမယ်။ ဝေဖန်ပိုင်းခြားစဉ်းစားရာမှာ အတွေးအခေါ်အမျိုးမျိုး ကို စုပေါင်း၊ အဓိပ္ပါယ်ပြန်စဉ်းစားပြီး၊ အတွေးအခေါ်တွေနဲ့ သတင်းအချက်အလက်တွေကိုပြန်သရုပ်ဖေါ်ရပါမယ်။ ဝေဖန် ပိုင်းခြားစဉ်းစားရာမှာ စိတ်ပိုင်းဆိုင်ရာလုပ်ငန်းတွေတပြိုင်နက်ပါဝင်ပါတယ်။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းဟာ အဆင့်မြင့် တဲ့အတွေးအခေါ်တရပ်ဖြစ်တဲ့အတွက် အသက်ကြီးတဲ့ကျောင်းသားတွေသာ ဝေဖန်စဉ်းစားနိုင်တယ်လို့ထင်လေ့ရှိပါ တယ်။ ဒါဟာမမှန်ပါဘူး။ ကလေးသူငယ်တွေလည်း သူတို့ရဲ့ တိုးတက်မှုအဆင့်နဲ့ အညီ အဆင့်မြင့်မြင့် တွေးခေါ်နိုင်ပါ တယ်။ ရှုပ်ထွေးတဲ့ပြသနာဖြေရှင်းခြင်း၊ အဆင့်မြင့်ဆုံးဖြတ်ချက်ချခြင်းတို့ကို လိုလိုလားလား လုပ်တတ်ပါတယ်။

ကမ္ဘာလောကကြီးပိုမိုကျယ်ပြန့် ရှုပ်ထွေးလာပြီး ဒီမိုကရေစီဝါဒ ကမ္ဘာအနှံ့ ပျံ့လာတာနဲ့ အမျှ ခက်ခဲတဲ့ပြဿနာတွေကို လူငယ်တွေအနေနဲ့ ဖြေရှင်းနိုင်ဖို့ အခြေအနေတွေကိုသုံးသပ်ဖို့ အတွေးအခေါ် အမျိုးမျိုးကို ချင့်ချိန်ဝေဖန်ဖို့နဲ့ လေးနက်တဲ့ဆုံးဖြတ်ချက်တွေကိုချနိုင်ဖို့ အရင်ထက်ပိုလိုအပ်လာတာထင်ရှားပါတယ်။ ဒါ့အပြင် ဝေဖန်ပိုင်းခြား စဉ်းစားနိုင်တဲ့အရည်အချင်းကိုလည်းဖေးဖေးမမ ရှိတဲ့သင်ယူမှုပတ်ဝန်းကျင်မှာပြုစုပျိုးထောင်ပေးပြီးအားပေးဖို့ လိုတယ်ဆိုတာလည်း ထင်ရှားလာပါတယ်။

### ကျောင်းသားများ၏သင်ယူမှုဆိုင်ရာသဘောတရားများ

ဝေဖန် ပိုင်းခြား စဉ်းစားမှုကို မြှင့်တင်တဲ့ သင်ကြားနည်းစံနစ်တွေဟာ ပညာရေးဆိုင်ရာ ပညာရှင်တွေ လက်ခံထားတဲ့ သင်ယူမှု သဘောတရားများအပေါ်မှာ အခြေခံတည်ဆောက်ထားပါတယ်။ ဆွစ်ဇာလန်နိုင်ငံက ပညာရှင် Piaget (1896-1980) ရဲ့ အဆိုဖြစ်တဲ့ကျောင်းသားများရဲ့ တက်ကြွစွာသင်ယူမှု၊ မေးခွန်းများမေးမြန်းပြီး လေ့လာသင်ယူမှုတွေ (Constructive Learning Theory) ကို ဆက်လက်အသုံးပြုပါတယ်။ အမေရိကန်နိုင်ငံက Dewey (1859-1952) ဦးဆောင်တဲ့သင်ယူမှု အယူအဆ (Progressive Learning Theory) ကိုလည်း လက်ခံပါတယ်။ ဒီအယူအဆမှာ ပညာရေးဟာ လူမှုရေးဖြစ်စဉ်တခုဖြစ်တယ်။ ကျောင်းသားတွေရဲ့ သင်ယူမှုဟာ အရင်ကသိထားပြီးသားတွေအပေါ်မှာ အခြေခံတည်ဆောက်တယ်ဆိုတာနဲ့၊ စုပေါင်းသင်ယူမှုတွေကိုလက်ခံပါတယ်။ ဝေဖန်ပိုင်းခြားစဉ်းစားမှုကိုမြှင့်တင်တဲ့ သင်ကြားနည်းစနစ်ရဲ့ ထူးခြားချက်တခု ကတော့ ကျောင်းသားတွေ အရင်ကသိထားတဲ့အချက်တွေကို ထွက်ပေါ်ခွင့်ပေးပါတယ်။ အရင်က သိထားတာမှားနေရင်လည်း ပြန်ပြီးပြင်ခွင့်ရပါတယ်။ မှားလို့ အပြစ်ပေးမခံရပါဘူး။

ဝေဖန်ပိုင်းခြားမှုဖြစ်စဉ်ဟာ သင်ယူမှုအဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်မှုကိုရှေ့ရှုတဲ့ Bloom's Taxonomy နဲ့ လည်းကိုက်ညီပါတယ်။ သင်ယူမှုဟာသတင်းအချက်အလက်တွေကိုရရှိခြင်း၊ အချက်အလက်အသစ်တွေကိုကောင်းစွာနားလည်ခြင်း၊ ပြန်လည်အသုံးချနိုင်ခြင်း၊ အသေးစိပ် ခွဲခြမ်းစိတ်ဖြာကြည့်ရှုခြင်း၊ အရင်က သိထားတဲ့အချက်အလက်တွေနဲ့ ပေါင်းစပ်ပြီး သိမြင်မှုအသစ်ရရှိခြင်းနဲ့ အဆုံးမှာ တန်ဖိုးဖြတ်နိုင်တဲ့အထိ အဆင့်ဆင့်တိုးတက်သွားပါတယ်။

### ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကြောင့်ရရှိမည့်အကျိုးကျေးဇူးများ

ကျောင်းသားများဝေဖန်ပိုင်းခြားစဉ်းစားတဲ့အလေ့အကျင့်ရလာပြီဆိုရင် တဦးချင်းအကျိုးစီးပွားကနေ အများအကျိုးကိုကြည့်မြင်တတ်လာပါတယ်။ မစဉ်းစားမဆင်ခြင်ဘဲ တခြားသူရဲ့ လွှမ်းမိုးခံနေရတဲ့ ဘဝကနေ ကိုယ်ပိုင်အသိအမြင်နဲ့ ရပ်တည်နိုင်လာပါတယ်။ စိတ်ထဲမှာ အလိုလိုသိနေတယ်ဆိုရာကနေ ယုတ္တိရှိရှိပြောဆိုတတ်လာပါတယ်။ ရှုဒေါင့်အမြင်တမျိုးတည်း တရားသေရပ်တည်ရာကနေ ရှုဒေါင့်အမျိုးမျိုးကနေ ကြည့်တတ်မြင်တတ်လာပါတယ်။

ကျောင်းသားများဝေဖန်ပိုင်းခြားစဉ်းစားတတ်လာတဲ့အခါ ဆရာတွေအတွက် အခက်အခဲတခုတော့ ရင်ဆိုင်လာရနိုင်ပါတယ်။ ဒါကတော့ ကျောင်းသားတွေရဲ့ ဖြေဆိုချက်တွေမှာအဖြေတမျိုးတည်းမဟုတ်တော့ဘဲ သူတို့ရဲ့ အမြင်၊ သူတို့ရဲ့ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်တဲ့အဖြေအမျိုးမျိုးဖြစ်လာနိုင်ပါတယ်။ ဆရာယူဆတဲ့အဖြေနဲ့ လည်းတူချင်မှတူပါမယ်။ ဒါကိုလက်ခံနိုင်ရပါမယ်။

မြန်မာနိုင်ငံပညာရေးပြုပြင်ပြောင်းလဲမှုဟာနိုင်ငံတကာပညာရေးဖြစ်ပေါ်တိုးတက်မှုနဲ့ အမှီလိုက်မယ်ဆိုရင် ကျနော်တို့ရဲ့ သင်ကြားနည်းစံနစ်တွေကို ဝေဖန်ပိုင်းခြားစဉ်းစားမှုကိုမြှင့်တင်တဲ့နည်းစံနစ်တွေနဲ့ အစားထိုးရပါမယ်။